# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၃ ။)

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (စ) တွင် ပါရှိသော "ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊" ဆိုသည့် စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါဥပဒေတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နိုင်ငံတော်အဆင့် သို့မဟုတ် ဗဟိုအဆင့်အဖွဲ့အစည်းများကို လည်းကောင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) **ပြည်ထောင်စုလွှတ်တော်ရုံး** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။"

၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)တွင် ပါရှိသော "တရားရုံးတစ်ခုခုက" ဆိုသည့် စကားရပ်ကို "တရားရုံး သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခုခုက" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ (က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း၍ ယင်းလွှတ်တော်သက်တမ်းအတွက် လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

(ခ) ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့သည် လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ မရှိကို စိစစ်အတည်ပြုရမည်။"

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော "အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့် စကားရပ်ကို "ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့တွင်ပါရှိသော "အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့်စကားရပ်ကို "ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၃-က တွင် ပါရှိသော "ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်နှင့်အညီ" ဆိုသည့် စကားရပ်ကို "ဒေသခံပြည်သူများနှင့်ညှိနှိုင်းပြီး ဥပဒေနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်